**ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင် လျှောက်ထားခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့် အထောက်အထားများ | (က) လိုင်စင်လျှောက်လွှာနှင့်အတူ ပိုးသတ်ခြင်းလုပ်ငန်းနှင့် သက်ဆိုင် သည့် မေးခွန်းများဖြေကြားခြင်း<br>(ခ) ပိုးသတ်မှိုင်းတိုက်ရာတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများ စု ဆောင်းထားရှိမှုစာရင်း<br>(ဂ) လုပ်ငန်းခွင်ကျန်းမာရေး စစ်ဆေးချက်မှတ်တမ်းများ၊ လုပ်ငန်း ခွင် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံထားရှိမှုများ၊ မီးဘေးနှင့် အရေး ပေါ်ထိခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ<br>(ဃ) မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများစာရင်းနှင့် မြန်မာဘာသာ ဖြင့် အညွှန်းစာများ<br>(င) ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိပစ္စည်း ကိုင်တွယ်မည့်သူများ ၏လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူ အသိအမှတ်ပြုကဒ်ပြား မိတ္တူ<br>(စ) စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု၊ ( Waste Disposal Management)<br>(ဆ) အသုံးပြုမည့် ပိုးသတ်ဆေးများကို သိုလှောင်မည့်လုပ်ငန်းစဉ်၊ သို လှောင်ရုံအတွက် လက်လီလက်ကား ရောင်းချ ခွင့်လိုင်စင်<br>(ဇ)<br>ပိုးတိုက်မှိုင်းတိုက်ခြင်းသို့မဟုတ်ပိုးမွှားထိန်းချုပ်ရေးလုပ်ငန်းတို့ ၏ စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operation Procedure) ဆောင်ရွက်ထားရှိမှုများ<br>(ဈ) လုပ်ငန်းနှင့်ပတ်သတ်သောရရှိထားသင့်သည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ဆောင်ရွက်ထားရှိမှု<br>(ည) သို့လှောင်ရုံအတွင်းလုပ်ငန်းသုံးပစ္စည်းများ၏ စနစ်တကျ သိုလှောင် ထားရှိမှု |
| လုပ်ငန်းစဉ်အဆင့် | (က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့် အထောက်အထား များကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။<br>(ခ) ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေး နည်း ပညာကော်မတီဝင်များ ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း ကာ စက်ရုံအား ကွင်းဆင်းစစ်ဆေးပါမည်။<br>(ဂ) ကွင်းဆင်းစစ်ဆေး အစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာ ကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန စိစစ်ပြီးပါက ညွှန်ကြားရေး မှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေး သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာ ကုမ္ပဏီမှ ပေးသွင်းပြီး ပုံစံ(၈) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။ |
| ဝန်ဆောင်ခ | ၃ နှစ်လျှင် ၅၀၀,၀၀၀ ကျပ် |
| ကြာမြင့်ချိန် | လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက်(၁)ပတ်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့်အချက် အလက်များ ပြည့်စုံမှု ရှိ/မရှိ ပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်။ |
| လျှောက်ထားရမည့် နေရာ | လျှောက်လွှာအားညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊<br>စိုက်ပျိုးရေးဦးစီးဌာန၊ရုံး<br>အမှတ်(၁၅)၊နေပြည်တော်သို့လိပ်မူ၍လျှောက်ထားရမည်။ |

| | |
|---|---|
| အတည်ပြု<br>လက်မှတ်<br>ရေးထိုးသည့်<br>ရာထူး/အဆင့် | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန |